ပၚ်ဍုၚ်မန်တၟိ

(ဌာန်ဂအုပ်ဗဟို်)

THE NEW MON STATE PARTY

GENERAL HEADQUARTERS

---

## ဒေါ်အောင်ဆန်းစုကြည်၏ ကြေငြာချက် သဘောထားကို ဆန့်ကျင်ပြီး စစ်အစိုးရ၏ အမျိုးသားညီလာခံကို ထောက်ခံကြောင်း စစ်အစိုးရက အပစ်ရပ်အဖွဲ့များ၊ နိုင်ငံရေးအဖွဲ့အစည်းများကို လိုက်လံစည်းရုံး သဘောထား ရယူပြီး ထုတ်ပြန်နေစေခြင်း ကိစ္စရပ်အပေါ် မိမိတို့ မွန်ပြည်သစ်ပါတီ၏ သဘောထား

ကျွန်တော်တို့ နိုင်ငံတွင် ဒီကနေ့အထိ ဖြစ်ရှိနေသော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး ဖြေရှင်းကြမှသာ ပြေလည်နိုင်မည်ဟု မိမိတို့ ပါတီမှ ရှုမြင်ပါသည်။ ထို့ကြောင့်လည်း မိမိတို့ပါတီက စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲခဲ့ခြင်း ဖြစ်ပါသည်။

ပြီးခဲ့သော အမျိုးသားညီလာခံ၌ ကျွန်ုပ်တို့ပါတီအနေနှင့် မိမိတို့၏ အမြင်၊ သဘောထားများနှင့် တိုင်းရင်းသား လူမျိုးစုများ၏ အခွင့်အရေးများအတွက် တင်ပြတောင်းဆိုခဲ့ပြီး ဖြစ်ပါတယ်။ သို့ပေမယ့်လည်း စစ်အစိုးရမှ မိမိတို့၏ တောင်းဆိုချက်များကို လက်မခံ၊ အသိအမှတ်မပြုခဲ့သောကြောင့် မိမိတို့ပါတီအနေနှင့် အမျိုးသားညီလာခံကို တရားဝင်ကိုယ်စားလှယ် စေလွှတ်ခြင်းရပ်ဆိုင်းကာ လေ့လာသူအနေနှင့်သာ စေလွှတ် တက်ရောက်စေခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ထုတ်ပြန်ကြေငြာချက်ပါ "နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေး"နှင့် ပတ်သက်သည့် သဘောထားကို မိမိတို့ ပါတီအနေနှင့် မူအရ ထောက်ခံပါသည်။ လက်တွေ့အရ ဘယ်လိုဖြစ်လာမည်၊ ဘယ်လို အကောင်အထည်ဖော်သွားမည် ဆိုတာကို မိမိတို့အနေနှင့် အလေးထားပြီး စောင့်ကြည့်သွားပါမည်။ နိုင်ငံရေးပြဿနာကို တွေ့ဆုံဆွေးနွေး ဖြေရှင်းကြရာမှာ တိုင်းရင်းသား လူမျိုးစုတွေလည်း ပါဝင်မှသာ ပြီးပြည့်စုံသည့် ပြေလည်မှုကို ရရှိနိုင်မည်ဟု မိမိတို့ပါတီအနေနှင့် ခိုင်ခိုင်မာမာ ယုံကြည်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
မွန်ပြည်သစ်ပါတီ

ရက်စွဲ - 16/11/07